မင်းမကွန်းကျေးရွာ

ကျေးရွာမဲ့ဖြိုးရေးစီမံကိန်း

ယင်းမာပင်မြို့နယ်



ကျေးရွာမဲ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာမဲ့ဖြိုးရေးကော်မတီ

မင်းမကွန်းကျေးရွာ၊ ယင်းမာပင်မြို့နယ်

(နို့က်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသမဲ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မင်းမကုန်းကျေးရွာ အခြေပြမြေပုံ

ယင်းမာပင်မြို့နယ်



မာတိကာ

မာတိကာ ၁
စကားချီး ၄
ယင်းမာပင်မြို့နယ်၊ မင်းမကုန်းကျေးရွာ၏အရင်းအမြစ်ပြမြေပုံ ၅
အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၅
(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၆
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ ၈
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ဆက်သွယ်ရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၁
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၁
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသောချိတ်ဆက်မှုများ ၁၂

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ် ၁၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၁၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ ၂၀
(၁) လူမှုစီးပွားရေးအခြေအနေ
ဇယား ၁ လူဦးရေးနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓါတ်သတ္ထုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား ၇ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား၁၂ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုး မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းအခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့်ပြဿနာများ
ဇယား ၃၂ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊တံတား တည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများအားလက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)
ဇယား ၄၅ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မင်းမကုန်းကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင် ရေးဆွဲထားသည့်

ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာခွဲအုပ်ချုပ်ရေးမှူးနှင့် ယင်းမာပင်မြို့ နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု ၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ဤလုပ် ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အ လက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းများ အချက်အလက် ရရှိနိုင်သည့် နေရာများမှာလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သောကိန်းဂဏန်းများ၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များအတွက်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြု ထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းများ၊အချက်အလက်များထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းများသည် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက် ပြီးစီးမှု ပေါ်ပေါက်လာမည့်အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေ ကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြ ပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ယင်းမာပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယင်းမာပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ ဆက် လက်ပံ့ပိုးမှုများ ရရှိနိုင်မည့်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင် ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံချက်ဆိုင်ရာအချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇူလိုင်လ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မင်းမကုန်းကျေးရွာ
ယင်းမာပင်မြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အ လက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ

လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြု မိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူနေမှု စီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပုံအပိုးဖြစ်စေသောအချက်များ နှင့် အဟန့်အတားဖြစ်သောအချက်များ (၅)နှစ်ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက် များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောနေရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက် သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီ အစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများ အနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုး လာစေရန် ဗျူဟာမြောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစည်းညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံ ချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက် အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မင်းမကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်တွင် တည်ရှိ သည်။ ဆင်တဲကျေးရွာအုပ်စုတွင်ပါဝင်ပြီး ယင်းမာပင်မြို့၏အနောက်ဘက်(၁၂)မိုင်ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာတွင် မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်သောကြောင့် နှစ်စဉ်ရွာသွန်းသော မိုးရေချိန်မှာ (၃၀)မှ (၄၀)လက်မကြား ရသောဒေသဖြစ်သည်။ ကျေးရွာရှိ စိုက်ပျိုးသီးနှံများမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးရသည်။

(ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ ထန်း၊ မန်ကျည်း၊ ဇီး၊ တမာ၊ ကုက္ကို၊ ရှား၊ ထနောင်းနှင့် ဆူးဖြူ စသော အပင်များ ပေါက်ရောက်သည်။ စပါးသီးနှံစိုက်ပျိုးနိုင်သော လယ် (၁၈၃)ဧက၊ ယာမြေ/တောင်ယာမြေ (၇၁၂.၅) ဧက၊ နှစ်ရှည်သီးနှံစိုက်ခင်း ( )ဧကော ရှိပြီး မိုးရေကိုသာ အားထားစိုက်ပျိုးရသည်။ ယာမြေများမှာ အဓိကအား ဖြင့် ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပြောင်း၊ ငရုတ်သီး၊ နှမ်း၊ နေကြာနှင့် ပဲစဉ်းငုံတို့ကို စိုက်ပျိုးကြသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၅၅) စုရှိပြီး ကျား (၄၁၃)ဦး၊ မ(၄၁၆)ဦး ၊ စုစုပေါင်းလူဦးရေ (၈၂၉) ဦး နေထိုင်ကြသည်။ တစ်အိမ်လျှင် ပျမ်းမျှ (၅)ဦးနှုန်း နေထိုင်ကြပြီး ဗမာလူမျိုးများဖြစ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူ (၁၅ နှစ် မှ ၆၀ နှစ်) ကျား (၃၂၃)ဦး၊ မ(၃၅၆)ဦး တို့ရှိသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် ကျပန်း အလုပ်သမားများသည် သင့်တင့်သော နေ့စားလုပ်ခကို ရရှိကြသည်။ တောင်သူများသည် ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပြောင်း၊ ငရုတ်သီး၊ နှမ်း၊ နေကြာနှင့် ပဲစဉ်းငုံ စသော

သီးနှံများ စိုက်ပျိုးရရှိပြီး စီးပွားရေး အဆင်ပြေကြသည်။ ပွင့်လင်းရာသီတွင် ကျေးရွာမှ နေ့စားအလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင် များတွင် ပန်းရံ၊ လက်သမား နေ့စားအလုပ်လုပ်ခြင်းဖြင့် ဝင်ငွေရရှိကြသည်။

ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၀)% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ သောအိမ်ထောင်စုအဆင့်များဖြစ်ကြပြီး (၁၀)% သည် ချမ်းသာသည့်အဆင့်၊ (၂၀)% သည်အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု၊ မြို့ပြဧရိယာ လက်လှမ်းမီမှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိသည်ဟု ပြောနိုင်ပါသည်။ ချမ်းသာသောလယ်သမား၊ ကုန်သည်အိမ်ထောင်စုများမှ အပ အခြားလယ်သမားနှင့် ပန်းရံ လက်လုပ်လက်စားအိမ်ထောင်စု အချို့မှာလည်း စက်ချုပ်ခြင်း၊ ဈေးရောင်းဝယ်ခြင်း၊ ယာဉ်အငှားမောင်း လိုက်ခြင်း၊ ကျပန်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ငွေချေးပေးနိုင်သောအိမ်ထောင်စုအချို့၊ မွေးမြူ ရေး၊ သိုး၊ ဆိတ်ခြံပိုင်ရှင်နှင့် အစိုးရဝန်ထမ်းအိမ်ထောင်စု အချို့သည် ငွေရေးကြေးရေးအသင့်အတင့် အဆင်ပြေ ကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၄၃)စု ထိရှိပြီး (၂၃) % အထိရှိကာ ဆင်းရဲ၊ အလွန် ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားအိမ်ထောင်စုအရေအတွက် (၄၃)စု ရှိပြီး အဓိကငွေရလုပ်ငန်းမှာ ကျပန်း၊ နေ့စားလုပ်ငန်း၊ စက်ချုပ်ခြင်း၊ ဈေးရောင်းဝယ်ခြင်း၊ ယာဉ်အငှားမောင်း လိုက်ခြင်းနှင့် မွေးမြူရေး လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီ အလိုက် လယ်ယာလုပ်ငန်း၊ လက်လီခေါင်းရွက်ရောင်းဝယ်လုပ်ငန်း၊ မွေးမြူရေးတစ်နိုင်တစ်ပိုင်လုပ်ငန်းများကို လည်း ဝင်ရောက်လုပ်ကိုင်ကြသည်။ ကျေးရွာ၏ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု(ဂ) အဆင့်နှင့် (ဃ)အဆင့်မှ (၃၀)% အိမ်ထောင်စု(၃၅)စု ကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူပါသည်။ ထိုသို့စစ်တမ်းကောက်ယူရာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စု(၂၉)စုသည် (၃)လနှင့် (၆)လ အောက်သာ ဝမ်းစာဖူလုံပြီး ကျန်အိမ်ထောင်စု(၇)စုမှာ တစ်နှစ်စာဝမ်းစာဖူလုံ၍ သူတပါးထံမှ မချေး မငှားဘဲ စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျန်အချိန်များတွင် တစ်နေ့လုပ် တစ်နေ့စားအဖြစ်ရပ်တည်ကြသည်။ ကျေးရွာရှိလယ်ယာမဲ့ ဆင်းရဲသောအိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းလုပ်ငန်းကိုသာ အများစုလုပ်ကိုင်ကြပြီး ဆောင်းသီးနှံရိတ်သိမ်းပြီးနောက်တွင် အလုပ်အကိုင်မရှိသောကြောင့် စားဝတ်နေရေး ခက်ခဲပါသည်။

ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး ချုံပုတ်ပေါများကာ အဆိပ်ပြင်းသောမြွေများရှိသောကြောင့် မြွေအန္တရာယ် စိုးရိမ်ရပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိပါသည်။ ကျေးရွာသူ/သားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာတွင် ဆေးပေးခန်းမရှိ သော်လည်း မြို့နယ်ကျန်းမာရေးဌာနမှ ပုံမှန်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ (၄)မိုင်အကွာအဝေးကို ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော ကျေးလက်ကျန်းမာရေးဌာနနှင့် ရွှေဆံနွယ်ဓမ္မဓရဆေးခန်းများ နှင့် လက်လှမ်းမှီသည်။ ကျေးရွာမှ ဆန်အလွယ်တကူရရှိနိုင်ခြင်း၊

အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေ ခြင်း၊ မိသားစုနေ့စဉ်ဝင်ငွေ အသင့်အတင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များအပါ အဝင် ယေဘူယျအားဖြင့် အာဟာရဓါတ်ချို့တဲ့မှု မရှိကြပါ။

(ငါ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ကောင်းမွန်မှုရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရဦးရေ ကျား (၂၃)ဦး၊ မ(၁၄)ဦး ရှိပါသည်။ ပညာတတ်များအသင့်အတင့်မွေးထုတ်ပေးနိုင်သော ကျေးရွာဖြစ်၍ အစိုးရဌာန များတွင် အနည်းငယ်ဝင်ရောက်လုပ်ကိုင်ကြပါသည်။ တက္ကသိုလ်များတွင် ပညာသင်ကြားနေသော ကျောင်းသား များလည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာကို ကျေးရွာရှိအလယ်တန်းကျောင်းတွင် တက်ရောက်သင်ကြား နိုင်ကြသည်။ သို့သော်အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမှီသောကြောင့် လူငယ် များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးဆဲဖြစ်သည်။

(စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား၊ မ တန်းတူအခွင့်အရေး ရရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား များက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေး ထိန်းခြင်းစသော ကိစ္စများ ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ကောက်စိုက် ခြင်း၊ ပေါင်းသင်မြေစွခြင်း၊ အမျိုးသားများသည် ပျိုးနှုတ်ခြင်း၊ လယ်ထွန်ခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ကြ သည်။ ဘာသာရေးအထိမ်းအမှတ် ယဉ်ကျေးမှုပွဲတော်များတွင် ဆောင်းရာသီတွင် တရားပွဲများကျင်းပခြင်း၊ ဆရာတော်၏ဦးဆောင်မှုဖြင့် နွေရာသီတွင် ယဉ်ကျေးမှုသင်တန်းဖွင့်ခြင်း စသည့်ပွဲတော်များကို အမျိုးသားနှင့် အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများ ထက် လုပ်အားခ ပိုမိုရရှိကြသည်။ ဒေသအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား၊ မ တန်းတူအခွင့်အရေးရရှိသည်။

(ဃ) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြု နိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများရှိသည်။ လူမှုကူညီရေးအသင်း၊ ကျေးရွာမီးသတ်အဖွဲ့၊ အမျိုးသမီးဝတ်ရွတ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မိဘဆရာအသင်း၊ ရေ ကော်မတီ၊ ကျေးရွာဂေါပကအဖွဲ့နှင့် ဘုရားပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့တို့ဖြစ်သည်။ ကျေးရွာမိဘဆရာ အသင်းအဖွဲ့သည် ကျေးရွာမူလတန်းနှင့် အလယ်တန်းကျောင်းဆောင်တွင် လိုအပ်သည်များကို ဆရာများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးပါသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ချိတ်ဆက် ဆောင်ရွက်မှုရှိသော်လည်း အဖွဲ့အစည်းဆိုင်ရာသဘောတရားများနှင့် ပတ်သက်၍ အားနည်းကြသဖြင့်

အဖွဲ့ အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာအုပ်ချုပ်မှု ပိုမိုကောင်း မွန်လာနိုင်မည်ဖြစ်သည်။

ကျေးရွာမီးလင်းရေးကို လူမှုကူညီရေးအဖွဲ့ဝင်များမှ ဘုန်းတော်ကြီးကျောင်းပိုင် အင်ဂျင်စက်ဖြင့် ရွာတွင်း လမ်းများမီးလင်းရေးကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ အဖွဲ့အသီးသီး၏ လုပ်ကိုင်ဆောင်ရွက်နေမှုသည် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသည်မှအပ ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်သည် ကောင်းမွန်သည့်အနေအထားတွင် ရှိပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် စိုက်ပျိုးသော သီးနှံများမှာ စပါး၊ ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ ငရုတ်သီး၊ နှမ်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပြောင်း၊ နေကြာနှင့် ပဲစဉ်းငုံ စသည်တို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် စပါး (၁၅) တင်း၊ ကုလားပဲ (၁၀)တင်း၊ ပဲတီစိမ်း(၄)တင်း၊ ကြက်သွန်နီ (၃၅၀၀)ပိဿာ၊ ငရုတ်သီး (၁၀၀၀)ပိဿာ ခန့် ထွက်ရှိပါသည်။ တောင်သူများစုသည် လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာ ရင်ဆိုင်ရကြ ပါသည်။ စိုက်ခင်းများတွင် ကျရောက်တတ်သော ဖျက်ပိုးများအတွက် ထိရောက်သော ပိုးသတ်ဆေးနှင့် နှိမ်နှင်းရေး နည်းစနစ်များကို တောင်သူများအနေဖြင့် လိုအပ်လျက်ရှိသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာမှ လယ်ယာမဲ့ အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက် အစိုးရဝန်ထမ်း၊ စက်ချုပ် ခြင်း၊ လက်လီလက်ကားရောင်းဝယ်ခြင်း စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာတွင်းမှ စိုက်ပျိုးရေး လုပ်ငန်းများတွင် အငှားလုပ်ကိုင်ခြင်း စသော အငှားဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြ သည်။ ကျေးရွာမှ အချို့အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသည်။ လက်လုပ် လက်စားများဖြစ်၍ စိုက်ပျိုးရေးရာသီချိန်တွင် အလုပ်အကိုင်ပေါများပြီး ကျန်ကာလများတွင် လုပ်ငန်းနှင့် ဝင်ငွေ မမှန်ခြင်းကြောင့် စားဝတ်နေရေးခက်ခဲသည်။ လူငယ်အများစုသည် ရန်ကုန်မြို့၊ မန္တလေးမြို့၊ မုံရွာမြို့ စသော မြို့ကြီးများအပြင် ကျောက်တွင်း၊ ရွှေတွင်းများနှင့် အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာမှ သဘာဝအလျောက်ပေါက်သော သစ်ပင်များသည် ထင်းလောင်စာ ထုတ်ယူခြင်းကြောင့် သစ်တောပြုန်းတီးမှုနှင့် ရင်ဆိုင်နေရသည်။ စိုက်ပျိုးမြေများတွင်လည်း နှစ်စဉ်ဆက်တိုက်ခေါင်မြေဩဇာများ အသုံးပြုခြင်း၊ နွားချေးနှင့် သစ်ရွက်ဆွေးစသော သဘာဝမြေဩဇာများ မထည့်သွင်းနိုင်ခြင်းကြောင့် စိုက်ပျိုး မြေများတွင် မြေဆီလွှာများ အဆင့်အတန်း ကျဆင်းလာကြောင်း တွေ့ရသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ယင်းမာပင်မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး တောင်သူလယ်သမား များအား စပါးသီးနှံတစ်ဧကလျှင် ချေးငွေ (၁၅၀၀၀၀)ကျပ်နှုန်း၊ တောင်သူတစ်ဦးကို အများဆုံး(၁၀)ဧကအထိ ထုတ်ချေးပေးပါသည်။ ချေးငွေကာလမှာ (၆)လခန့်ဖြစ်၍ အတိုးနှုန်းမှာ တစ်နှစ်လျှင် (၀.၈၅%) ဖြစ်သည်။ မိုးစပါး နှင့် ယာသီးနှံ နှစ်သီးစလုံး ချေးငွေရရှိကြသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယာသီးနှံအတွက် ချေးငွေ တစ်ဧကလျှင် (၅၀၀၀၀/-)ကျပ်နှုန်းဖြစ်သည်။ ကျေးရွာ သမဝါယမအသင်း ဖွဲ့စည်းထားပြီး မြို့နယ် သမဝါယမဌာနသည် အဖွဲ့ဝင်များကို

ချေးငွေထုတ်ပေးပြီး အတိုးနှုန်းမှာ (၁.၅%) ဖြစ်သည်။ ထို့အပြင် ယင်းမာပင်မြို့မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုဆောင်းခြင်း၊ ငွေလွှဲခြင်းများ ဆောင်ရွက်ကြသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေဝန်ဆောင်မှုများမရှိဘဲ လိုအပ်သောအခါ ချမ်းသာသောအိမ်ထောင်စုများထံမှ ချေးယူရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလယ်တန်းပညာရေးကိုသင်ကြားနိုင်ပြီး မူလတန်းကျောင်းသားဦးရေ(၆၅)ဦး၊ အလယ် တန်းကျောင်းသားဦးရေ (၄၂)ဦးရှိသည်။ အထက်တန်းကျောင်းသားဦးစုစုပေါင်း(၃၁)ဦးရှိပြီး ယင်းမာပင်မြို့၊ မုံရွာမြို့၊ ရင်ပေါင်တိုင်ကျေးရွာ၊ ဆင်စွယ်ကျေးရွာများတွင် တက်ရောက်ပညာသင်ကြားနေသည်။ တက္ကသိုလ်/ ကောလိပ် ပညာသင်ကြားနေသူ (၃၇)ဦး၊ တက္ကသိုလ် ဘွဲ့ရသူဦးရေ(၅၉)ဦးရှိပါသည်။ ကျေးရွာတွင် မိဘဆရာ အသင်းရှိပြီး ကျေးရွာပညာရေးတိုးတက်ရေးအတွက် ကျောင်းအသုံးအဆောင် ပရိဘောဂများဖြည့်တင်းပေးခြင်း ကျောင်းဆရာ/ဆရာမများ နေထိုင်ရန် စီစဉ်ပေးခြင်း စသောကိစ္စရပ်များကို ကျေးရွာမိဘဆရာအသင်းမှ ဆောင် ရွက်ပေးသည်။ စာသင်ကျောင်းဆောင် အနေအထားမှာ လုံလောက်မှုရှိပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်ပြီး ဆရာ/ ဆရာမဦးရေ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် ဆေးပေးခန်းမရှိသော်လည်း ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ ရရှိပါသည်။ ကျေးရွာအနီး ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အရေးပေါ်လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်သကဲ့သို့ ကလေး သူငယ်များအတွက်လည်း ကာကွယ်ဆေးတိုက်သောအစီအစဉ်များ ရရှိနိုင်ပါသည်။ ကျေးရွာနှင့် (၄)မိုင်ခန့် ကွာဝေးသော ရွှေဆံနွယ် ဓမ္မရေ ဆေးခန်းနှင့် (၁၂)မိုင်ကွာဝေးသော ယင်းမာပင်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူကြပါသည်။ သောက်သုံးရေအတွက် အိမ်ထောင်စုများသည် ကိုယ်ပိုင်တွင်းတိမ်များမှ ရေကို သောက်သုံးကြရပါသည်။ ကျေးရွာရှိ အချို့ အိမ်ထောင်စုများသည် ပလပ်စတစ် အမှိုက်များ၊ အညစ်အကြေး စနစ်တကျ စွန့်ပစ်မှု မရှိသေးပါ။ သန့်ရှင်းသော ရေအား ကောင်းစွာသုံးစွဲနိုင်သော ကျေးရွာဖြစ်သောကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးအဆင့် အတန်းကောင်းမွန်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၁၂၉)စုခန့် ယင်လုံအိမ်သာ သုံးစွဲနိုင်ကြသောကြောင့် စနစ်တကျ အညစ်အကြေးစွန့်ပစ်မှု ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမှီမှု(လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

ယင်းမာပင်မြို့သို့ သွားရောက်ရန်အတွက် ဆည်မြောင်းလက်တံကို အသုံးပြုသွားလာလျှက် ရှိပါသည်။ လျှပ်စစ်မီးလင်းရေးအနေဖြင့် ကျေးရွာတွင်းမီးလိုင်းများ သွယ်တန်းပြီး ဖြစ်သော်လည်း ထရန်စဖော်မာ တပ်ဆင်ခြင်းနှင့် (11 KV) လိုင်း ဆက်သွယ်ရန် ကျန်ရှိနေပါသေးသည်။ ဆက်သွယ်ရေးလိုင်း အနေနှင့် အုပ်စုကျေးရွာတွင် တာဝါတိုင်များ တပ်ဆင်ထားသဖြင့် လိုင်းကောင်းမွန်စွာ အသုံးပြုလျှက်ရှိပါသည်။

(ဈ) ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေး

မင်းမကုန်းကျေးရွာသည် ဆင်တဲကျေးရွာအုပ်စုအဖြစ်ပါဝင်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ စီမံအုပ်ချုပ်ရေး လုပ်ငန်း များဆောင်ရွက်သည်။ ရင်ပေါင်တိုင်ရဲစခန်းမှ လုံခြုံရေးဝန်ဆောင်မှုများရရှိပြီး ကျေးရွာတွင် ကြီးမားသော ရာဇဝတ်မှုများ မရှိပါ။ ရင်ပေါင်တိုင်ရဲစခန်းမှ နယ်ထိန်းရဲများ လုံခြုံရေး ကင်းလှည့်ဆောင်ရွက်သော ဝန်ဆောင် မှု ရရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး လယ်ယာမြေများသည် မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်သော ကြောင့် စပါး၊ နှမ်း၊ ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပြောင်း၊ ငရုတ်သီး၊ နေကြာနှင့် ပဲစဉ်းငုံ စသည့် သီးနှံများ စိုက်ပျိုးနိုင်ကြသည်။ မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်သေချာမှုများ ရရှိ နိုင်လျှင် ယခုထက်ပိုမို၍ အထွက်တိုးနိုင်ရန် အလားအလာကောင်းများ ရှိပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် သင့်တင့်သောအတိုးနှုန်းဖြင့် ချေးငွေလက်လှမ်းမီရန် လိုအပ်ပါသည်။ မြို့ပြနှင့်နီးသော ကျေးရွာဖြစ်၍ လက်ရှိစိုက်ပျိုးမြေဧရိယာအပြင် တိုးချဲ့ရန် မြေနေရာမရှိတော့ ပါ။ ဆောင်းသီးနှံ၊ မိုးသီးနှံ၊ ဟင်းသီးဟင်းရွက် စသည်တို့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်း မျိုးသန့်များ ရရှိရေး၊ ဖျက်ပိုးရောဂါကာကွယ်နှိမ်နင်းနည်းများ(ဥပမာ- ကျေးရွာတွင် ကုလားပဲ ညိုးသေရောဂါ ကြောင့် ဆိုးရွားစွာ အထွက်နှုန်း ထိခိုက်ခြင်း)၊ ဆောင်းသီးနှံတို့အပြင် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရန် အတွက် နည်းပညာနှင့် ဝန်ဆောင်မှုများ လိုအပ်လျက်ရှိပါသည်။ ကျေးရွာဆေးပေးခန်းနှင့် ပုံမှန် ကျန်းမာရေး ပညာပေး အစီအစဉ်များနှင့် ဝန်ဆောင်မှုများ ရရှိရန် ကျန်းမာရေးဌာနသို့ တင်ပြဆောင်ရွက်ရမည်။ ထို့အပြင် မြို့နယ်လျှပ်စစ်ဌာနနှင့် ဆက်သွယ်၍ ကျေးရွာနေအိမ်များ လျှပ်စစ်မီးသုံးစွဲနိုင်ရန် လိုအပ်နေသေးသောကြောင့် လျှပ်စစ်မီးလိုင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် သက်သာသောအတိုးနှုန်းဖြင့် ရင်းနှီးငွေရရှိရန် လိုအပ်နေသေးခြင်း စသည်တို့သည် ကျေးရွာ၏ အဓိကကျော်လွှားရမည့် အဟန့်အတားနှင့် စိန်ခေါ်မှုများ ဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ မင်းမကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘူယျအားဖြင့် လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ဆောင်ရွက် ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး တစ်ဦး ချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း တစ်ဖက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည် -

(၁) ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်စည်ကူးသန်းသွားလာရေး ကောင်းမွန်လာပြီး လူနေမှု အဆင့်အတန်းမြင့်မားလာစေရမည်။

(၂) ကျေးရွာမှ တောင်သူလယ်သမားများသည် စပါး၊ ဂျုံ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ နှမ်း၊ နေကြာ မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင် ပြီး စီးပွားရေးအဆင့်အတန်း မြင့်မားလာစေရမည်။

(၃) အတိုးသက်သာစွာဖြင့် ချေးငွေရရှိစေပြီး သိုး၊ ဆိတ်၊ ဝက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ခြင်းဖြင့် ကျေးရွာသူ/ ကျေးရွာသားတို့၏ ဝင်ငွေတိုးတက်လာပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရမည်။

(၄) ကျန်းမာရေးဆေးပေးခန်း လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း၊ ပညာပေးအစီအစဉ်များ ဆောင်ရွက် ခြင်းဖြင့် ကျေးရွာသားများ ကျန်းမာရေးဗဟုသုတ ပြည့်ဝလာ၍ ကျန်းမာရေးအဆင့်အတန်း မြင့်တက်လာစေ ရမည်။

(ခ) နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှု ကို ရယူမည်။ ငွေကြေး၊ နည်းပညာဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ချေးငွေရရှိအောင် ဆောက်ရွက်ပြီး သိုး၊ ဆိတ်၊ ဝက် စသော မွေးမြူရေး တိုးချဲ့လုပ်ကိုင်မည်။ ကျေးရွာ ကျန်းမာရေး ကော်မတီ ဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနသို့ ဆက်သွယ်တင်ပြ၍ ကျေးလက်ဆေးပေးခန်းနှင့် ပညာပေးအစီအစဉ်များ ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးအဆင့်အတန်း မြင့်တက်အောင် ဆောင်ရွက်မည်။ ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုး ရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာစေရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်း၊ မွေးမြူရေးနည်းပညာသင်တန်း များ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ထားသူများမှ ရရှိထားသော နည်းပညာများကို ကျေးရွာသူ/ ကျေးရွာသားများအား မျှဝေ ပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက် မှုများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော် အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာန များနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများ

ကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်ရန် အကူအညီများ ဆက်လက်ရရှိမည် ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

မင်းမကုန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်း များအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံနှင့် ဆောင်းသီးနှံများအတွက် (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/ ကျေးရွာသားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ် ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်များနှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့်စွေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

မင်းမကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ စွေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ မုံရွာမြို့နှင့်မကွေးသော အားသာချက် ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောစွေးနှုန်းဖြင့် ရောင်းချနိုင်ရန် စွေးကွက်သဘောတရားများ ကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစည်ပေးခြင်းဖြင့် အသက်မွေးဝမ်း ကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင် ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

(ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထား သည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂- ၃)နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစား ပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါသည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင်

ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ် ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များ နှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိ နားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ- စိုက်ပျိုး ရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

* သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ - လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
* ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expenditure) ဥပမာ- လစာ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊
* စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊
* လူသားချင်းစာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/ကျေးရွာသား အုပ်စု(၅)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင် ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာ ဖွံ့ဖြိုး ရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယား တွင် ဖော်ပြထားပါသည် -

စီမံကိန်း	ဦးစားပေးအဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁။ လျှပ်စစ်မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ရန်						
၂။ ကျေးလက်လမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်း						
၃။ ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်ပေးခြင်း						
၄။ ကျေးရွာတွင်းလမ်းများအဆင့် မြှင့်တင်ခြင်းလုပ်ငန်း						
၅။ အိမ်တိုင်ရာရောက်ရေပိုက်လိုင်း သွယ်တန်းနိုင်ရေး						
၆။ အသက်မွေးဝမ်းကျောင်းသင်တန်း (အလှပြင်)ဖွင့်လှစ်ပေးခြင်း						
၇။ အသက်မွေးဝမ်းကျောင်းသင်တန်း (ခြင်းယက်ခြင်း)ဖွင့်လှစ်ပေးခြင်း						

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက် မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများ နှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက် များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ် များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှု များကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်း စာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်ရန်					
၂	ကျေးလက်လမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်း					
၃	ကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ်ပေးခြင်း					
၄	ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်း					
၅	အိမ်တိုင်ရာရောက်ရေပိုက်လိုင်း သွယ်တန်းနိုင်ရေး					
၆	အသက်မွေးဝမ်းကျောင်းသင်တန်း (အလှပြင်)ဖွင့်လှစ်ပေးခြင်း					
၇	အသက်မွေးဝမ်းကျောင်းသင်တန်း (ခြင်းယက်ခြင်း)ဖွင့်လှစ်ပေးခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါ မည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာအလယ်တန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က

ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်တင် ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါ သည်။ ဥပမာ - မိဘဆရာအသင်းသည် အလယ်တန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းက လည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဦးစီး ဌာနနှင့် ဆက်သွယ်၍ အင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက် ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း၊ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

* ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
* စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း များက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်ဘက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ် များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိ မည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်း၊ တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်း ကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

မင်းမကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌

ကြီးကြပ်စစ်ဆေး အကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင် လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress)တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင် ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက် များ (Baseling)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(physical progress)

* စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
* အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆို ပြုချက်များ၊
* ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress)

* ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
* သုံးလပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
* ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊

* ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂ - ၃) ခန့်ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ကျေးရွာသားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေ သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါမည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)။
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ် အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက် အဦ ကဏ္ဍမီးလင်းရေး	၁။လျှပ်စစ်မီးရရှိရေး	၁၀၀	၁	ကျေးရွာတွင်း မီးတိုင်၊မီးကြိုးများသွယ်တန်း ပြီးဖြစ်ပါသည်။ ကျန်ရှိသည့် အပိုင်းများကို ကျေးရွာမီးလင်းရေးကော်မတီနှင့် ညှိနှိုင်းပေါင်း စပ်ပြီး ဆောင်ရွက်မည်။	ကျေးလက် ဦးစီး ၊ EPC
ကျေးရွာအဆောက် အဦ ကဏ္ဍလမ်းပန်းဆက်သွယ်ရေး	၂။ကျေးလက်လမ်းအဆင့် မြှင့်တင်ရေး	၉၀	၂	ကျေးရွာနှင့်မြို့သို့ဆက်သွယ်သော လက်ရှိမြေ သားလမ်းကို ဂျင်းကျောက်လမ်းအဖြစ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီးပြီး ဆောင် ရွက်မည်။	ကျေးလက် လမ်းဦးစီး
နည်းပညာကဏ္ဍ အခြေခံကွန်ပျူတာ	၃။ကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ် ပေးခြင်း	၈၅	၃	ကျေးရွာရှိစာသင်ကျောင်းတွင် ကွန်ပျူတာ(၂) လုံးရှိပြီး ကွန်ပျူတာနည်းပြနှင့် ချိတ်ဆက်၍ သင်တန်းဖွင့်လှစ်သင်ကြားပေးသွား	ကွန်ပျူတာ နည်းပြ

				မည်။	
ကျေးရွာအဆောက် အဦကဏ္ဍ လမ်းပန်းဆက်သွယ်ရေး	၄။ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း	၇၀	၆	ကျေးရွာတွင်းလက်ရှိမြေသားလမ်းကို ကျင်း ကျောက်လမ်းအဖြစ် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးစီးပြီး ဆောင်ရွက်မည်။	ကျေးလက် လမ်းဦးစီး
ကျေးရွာအဆောက် အဦ ကဏ္ဍ ရေရှိရေး	၅။အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းနိုင်ရေး	၈၀	၄	မြေနေရာနှင့်ရေတွင်းအလှူရှင်ရှိပြီး အိမ်တိုင် ရာရောက်ပိုက်လိုင်းသွယ်တန်းနိုင်ေေးအတွက် ကျေးရွာရေပေးရေးကော်မတီမှ ဦးစီးပြီး ဆောင်ရွက်မည်။	ကျေးလက် ဦးစီး

ကျပန်းလုပ်ကိုင်ခြင်း ကဏ္ဍ သက်မွေးလုပ်ငန်း	၆။အသက်မွေးဝမ်းကျောင်ေးသင်တန်း (အလှပြင်) ဖွင့်လှစ်ပေးခြင်း	၇၅	၅	ကျေးရွာသူ/သားများ တပိုင်တနိုင် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရေးနှင့် ပညာရှင်များ နှင့်ချိတ်ဆက်၍ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်။	ကျေးလက် ဦးစီး
ကျပန်းလုပ်ကိုင်ခြင်း ကဏ္ဍ သက်မွေးလုပ်ငန်း	၇။အသက်မွေးဝမ်းကျောင်ေးသင်တန်း (ခြင်းယက်ခြင်း) ဖွင့်လှစ်ပေးခြင်း	၅၀	၇	ကျေးရွာသူ/သားများ တပိုင်တနိုင်စီးပွားရေး အခွင့်အလမ်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်။	ကျေးလက် ဦးစီး

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်လက်များ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်လက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၄	-	၄
၁ နှစ်မှ ၄ နှစ်အထိ	၅ နှစ်အောက်ကလေးငယ်	၁၅	၁၇	၃၂
